# Consumer Protection Law (2019)

## Chapter (18)

## Labelling

41. The business person shall state the following facts explicitly regarding labelling under particular compliance each different class of products:
   (a) trademark of the product;
   (b) type, size, quantity and net amount, storage guidelines and usage instruction;
   (c) Manufacturing date, expiration date and serial code number;
   (d) in the case of imported good, the name and address of the importer, the name of the manufacturer and address;
   (e) origin of manufacturing or repackaging address of imported goods;
   (f) product ingredients, its quantity and ratio;
   (g) any precautions and warnings about allergies and side effects;
   (h) any information prescribed by relevant government departments to be stated.
42. All business person may provide scientific research tests, and nutritional descriptions from the related organizations on their goods.
43. All business person shall apply Myanmar language, or Myanmar language in conjunction with one or more other language when providing product labels under sub-section (b) and (g) of section 41.

**Provision in Chapter 18 shall commence on the date of the completion of one year after the promulgation of this law. All provision in the rest of the Chapter will be commenced on the day of the promulgation of this law.**

(Unofficial Translation)

# စားသုံးသူကာကွယ်ရေးဥပဒေ (၂၀၁၉)

## အခန်း (၁၈)

## ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်း

၄၁။ စီးပွားရေးလုပ်ငန်းရှင်သည် ကုန်အညွှန်းအမှတ်အသား ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ကုန်စည် အမျိုးအစားလိုက် သတ်မှတ်ချက်များနှင့်အညီ အောက်ပါတို့ကို သိသာထင်ရှားစွာ ဖော်ပြရမည်-

(က) ကုန်စည်၏ တံဆိပ်အမှတ်အသား၊

(ခ) ကုန်စည်၏ အမျိုးအမည်၊ အရွယ်အစား၊ အရေအတွက်နှင့် အသားတင်ပမာဏ၊ ထားသိုသိမ်းဆည်းမှုအညွှန်း၊ သုံးစွဲပုံနည်းလမ်း၊

(ဂ) ထုတ်လုပ်သည့်ရက်စွဲနှင့် သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊ ထုတ်လုပ်မှု အမှတ်စဉ်၊

(ဃ) ပြည်တွင်းသို့ တင်သွင်းလာသော ကုန်စည်ဖြစ်ပါက တင်သွင်းသူ၏ အမည်နှင့် လိပ်စာ၊ ထုတ်လုပ်သည့် လုပ်ငန်းအမည်နှင့် လိပ်စာ၊

(င) ထုတ်လုပ်သည့်နေရာ သို့မဟုတ် ပြည်ပမှ ကုန်စည်များတင်သွင်းပြီး ပြန်လည် ထုတ်ပိုးသည့်နေရာ၊

(စ) ကုန်စည်တွင်ပါဝင်သော ကုန်ကြမ်းပစ္စည်း အမျိုးအမည်များနှင့် ပစ္စည်းများ၏ ပမာဏ၊ ပါဝင်မှု အချိုးအစား၊

(ဆ) ကျန်းမာရေးဆိုင်ရာ ဘေးထွက်ဆိုးကျိုး သို့မဟုတ် ဓါတ်မတည့်ကြောင်းဖော်ပြချက် နှင့် ကြိုတင်သတိပေးချက်၊

(ဇ) သက်ဆိုင်ရာ အစိုးရဌာနများက ဖော်ပြရန် သတ်မှတ်ထားသော အချက်အလက်များ။

၄၂။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို ကုန်စည်တွင် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ သိပ္ပံနည်းကျ သုတေသနပြုဆောင်ရွက်ချက်နှင့် ကျန်းမာရေးအာဟာရဆိုင်ရာ အာမခံချက်များ ဖော်ပြနိုင်သည်။

၄၃။ မည်သည့် စီးပွားရေးလုပ်ငန်းရှင်မဆို ပုဒ်မ ၄၁၊ ပုဒ်မခွဲ (ခ) နှင့် (ဆ) တို့ပါ ကုန်အညွှန်းအမှတ်အသားဖော်ပြရာတွင် မြန်မာဘာသာဖြင့်ဖြစ်စေ၊ မြန်မာဘာသာနှင့် အခြားဘာသာတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ တွဲလျက်ဖြစ်စေ ရေးသားဖော်ပြရမည်။